# **အချိန်ပိုသတ်မှတ်ချက်နှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီများ၏ ခွင့်ပြုမိန့်/အတည်ပြုမိန့်တို့ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများအနေဖြင့် အလုပ်သမားများအား အချိန်ပိုဆင်းစေခြင်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်ရုံဥပဒေ စစ်ဆေးရေးဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ အောက်ပါအချက်များအား သိရှိလိုက်နာဆောင်ရွက်သွားရန် အသိပေး ကြေညာအပ်ပါသည် –

- အပါတ်စဉ် အချိန်ပိုခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ တနင်္လာနေ့မှ သောကြာနေ့အထိ တစ်နေ့လျှင် ၃ နာရီဖြင့် ၁၅ နာရီ၊ စနေနေ့လျှင် ၅ နာရီ **စုစုပေါင်း ရက်သတ္တပတ် ၁ ပတ်လျှင် နာရီ ၂၀ ခွင့်ပြုမည်ဖြစ်ပြီး အလုပ်သမားများ၏ လက်မှတ်မူရင်း ပူးတွဲတင်ပြရန်** လိုအပ်ပါသည်။
- **ရက်သတ္တပတ် အလုပ်ပိတ်ရက်ခွင့်ပြုခြင်း (တနင်္ဂနွေနေ့)**နှင့်စပ်လျဉ်း၍ အဖွဲ့အစည်း (သို့မဟုတ်) အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ၏ သိရှိကြောင်း လက်မှတ်မူရင်းနှင့် အလုပ်သမားများ၏ လက်မှတ်မူရင်းများ လိုအပ်ပြီး **(၃) ပါတ်ခြား (၄)ပါတ်မြောက်လျှင် တစ်ကြိမ်** ခွင့်ပြုမည်ဖြစ်ပါသည်။
- **အများပြည်သူအလုပ်ပိတ်ရက်၌ အချိန်ပိုခွင့်ပြုခြင်း**နှင့်စပ်လျဉ်း၍ အဖွဲ့အစည်း (သို့) အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ၏ သိရှိကြောင်း လက်မှတ်မူရင်းနှင့် အလုပ်သမားများ၏ လက်မှတ်မူရင်း ပူးတွဲတင်ပြရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်